# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 25 , 2022 Volume 57, Number 19


**၂၅.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၁၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၇.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၆.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းဆန် လက်ကျန်နည်းသည့်ကာလဖြစ်သည့်အတွက် ဆန်ဈေးနှုန်း ထိန်းညှိနိုင်ရန် အရန်ဆန်စီမံကိန်း ဆောင်ရွက်သွားရန်ရှိ

ပြည်တွင်းဆန် လက်ကျန်နည်းသည့်ကာလဖြစ်သည့်အတွက် ဆန်ဈေးနှုန်းကို ထိန်းညှိနိုင်ရန်အတွက် အရန်ဆန်စီမံကိန်းတစ်ခု ဆောင်ရွက်သွားရန်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင် ထံမှ သိရသည်။

လက်ရှိအချိန်တွင် စပါးဈေးနှုန်းသည် တင်း၁၀၀လျှင် အနိမ့်ဆုံးငွေကျပ် ခုနစ်သိန်းငါးသောင်းမှ ကိုးသိန်းခန့်ရှိနေပြီး စပါးပေါ်ချိန်တွင်လည်း အဆိုပါဈေးနှုန်း အတိုင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်ဈေးနှုန်းများ တည်ငြိမ်မှု ရှိစေရန်အတွက် အရန်ဆန်စီမံကိန်းကို ဆောင်ရွက်သွားရန်ရှိကြောင်းသိရသည်။

"နွေစပါး လက်ကျန်နည်းပြီး မိုးစပါးမပေါ်မီ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ တွေမှာ နှစ်စဉ် ဆန်ဈေးနှုန်းတွေ မြင့်တက်လေ့ရှိပါတယ်။ ဒီနှစ်မှာတော့ သွင်းအားစု ဈေးမြင့်တက်တာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းအခြေအနေတွေကြောင့်လည်း ပြည်တွင်းဆန်ဈေးတွေ စံချိန်မြင့်တက်နေတာပါ။ အခုလိုကြား ကာလတွေမှာ ဈေးနှုန်း တအားမြင့်တက်မသွားစေဖို့ ပြည်တွင်းစားသုံးမှုအတွက် အရန်ဆန်ထားရှိရေး သက်ဆိုင်ရာဌာနတွေကိုတင်ပြပြီး ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ပြောပြသည်။

နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီအနေဖြင့် ယခင်နှစ်များက ပြည်ပတင်ပို့သော ဆန်တန်ချိန်၏ ၁၀ ရာခိုင်နှုန်းကို အရန်ဆန်များအဖြစ် ထားရှိခဲ့ကာ ဈေးကွက်အတွင်း ဆန်ဈေးနှုန်း ကြီးမြင့်ချိန်တွင် ထုတ်ယူကာ ရောင်းချပေးခဲ့ခြင်းများရှိခဲ့သည့်အတွက် ယခုနှစ်တွင်လည်း အရန်ဆန်ထားရှိကာ ဈေးနှုန်း ထိန်းသိမ်းသည့်အနေဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးပေးရန် အစီအစဉ်များရှိနေကြောင်းလည်း သိရသည်။

**Source: ရတနာပုံသတင်းစာ**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ပုံတူကျောက်စီပန်းချီကားများ ဈေးကွက်ပြန်လည်ကောင်းမွန်လာ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်တွင် ပုံတူကျောက်စီပန်းချီကားများ ဈေးကွက်ပြန်လည်ကောင်းမွန်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ကျောက်စီပန်းချီလုပ်ငန်းမှ မန်နေဂျာ ဦးစန်းညွန့်စည်က ပြောပြ၍ သိရသည်။

ကျောက်စီပန်းချီသည် လက်ဆောင်ပေးရာတွင် တင့်တယ်လှသော ပစ္စည်းတစ်ခု ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ ကိုဗစ်ကာလ အတွင်းက အရောင်းအဝယ်ပုံမှန်ရှိခဲ့သည့် ပုံတူကျောက်စီပန်းချီကားများ ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ဈေးကွက်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"ကျောက်စီပန်းချီကား ဈေးကွက်က ကိုဗစ်ကာလမှာ ရပ်မသွားခဲ့ဘူး။ ပုံမှန်လေးသွားနေတယ်။ တလကိုအနည်းဆုံး ကျောက်စီပန်းချီကား အချပ်ရေ ၃၀လောက် ရောင်းခဲ့ရပါတယ်။ ကျောက်စီပန်းချီက မြန်မာမှု အနုပညာနဲ့ပေါင်းစပ်ပြီး တွင်းထွက်ကျောက်မျက်တွေနဲ့ ဖန်တီးထားတာကြောင့် အလွန်တန်ဖိုးရှိတဲ့ ပန်းချီလက်ရာဖြစ်တာကြောင့် ဈေးကွက်ခိုင်မာပါတယ်။ လက်ဆောင်ပေးတဲ့နေရာမှာ ရှုခင်းပုံတွေထက် အခုဆို ပုံတူပန်းချီပေးကြတာများလာတယ်။ အခုမိုးကာလကျတော့ ပုံတူကျောက်စီပန်းချီကား အပ်တာတွေ ပြန်ကောင်းလာတယ်။ အော်ဒါက တစ်လကို အချပ်ရေ ၂၀ လောက် လက်ခံနေရတယ်။ အဓိက ကတော့ မိသားစုအလှပုံတွေ အပ်ကြတာများတယ်။ နောက်ရပ်ဝေးရောက်နေတဲ့သူတွေကို သူတို့အလှဓာတ်ပုံ တွေကို ပုံတူအပ်ပြီးတော့ ပို့ပေးတာမျိုးတွေရှိပါတယ်" ဟု မန်နေဂျာ ဦးစန်းညွန့်စည်က ပြောပြသည်။

ပုံတူကျောက်စီပန်းချီကားများ၏ ဈေးနှုန်းမှာ ငွေကျပ်သုံးသောင်းမှ ငွေကျပ်ငါးသိန်းထိရှိပြီး ပုံတူကျောက်စီပန်းချီကားမှာ (၈ x ၁၂)လက်မ အရွယ်အစားမှ (၂၄ x ၃၆)လက်မ အရွယ်အစားထိပြုလုပ်ပေးရပြီး (၁၂ x ၁၆) လက်မ အရွယ်အစားကို အဓိကထား ပြုလုပ်ပေးနေရကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းက ယခုနှစ် စက်တင်ဘာလတွင် ယူအေအီးနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တိုးချဲ့ပျံသန်းပြေးဆွဲပေးမည်

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI) က ယခုနှစ် စက်တင်ဘာလတွင် ယူအေအီးနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ သတင်းများအရသိရသည်။

လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းအနေဖြင့် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး လာမည့်စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်း (Hanoi)မြို့နှင့် ဟိုချီမင်း (Ho Chi Minh) မြို့တို့နှင့် ယူအေအီးနိုင်ငံမှ ဒူဘိုင်း (Dubai) မြို့တို့သို့ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထိုသို့ တိုးချဲ့ပျံသန်းပြေးဆွဲပေးရာတွင် ယခုနှစ် စက်တင်ဘာ ၄ ရက်မှစတင်၍ ယူအေအီးနိုင်ငံသို့ ရန်ကုန်-ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသို့ ပျံသန်းပြေးဆွဲပေးရာတွင် ရန်ကုန်-ဟနွိုင်း-ရန်ကုန်ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ စတင်ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရန်ကုန်-ဟိုချီမင်း-ရန်ကုန် ခရီးစဉ်ကို ယခုနှစ် စက်တင်ဘာ ၂၂ ရက်မှ စတင်ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ဟနွိုင်း-ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့နှင့်သောကြာနေ့တိုင်း ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး၊ ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ပျံသန်းပြေးဆွဲပေးသွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည့် ပြည်ပခရီးစဉ်များနှင့် ပတ်သက်၍ Hotline + 9519670007 နှင့် E-mail csc@ maiair Acro သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပုသိမ်မြို့မှထုတ်လုပ်သော ပုသိမ်ထီးများကို အာရှနှင့် ဥရောပနိုင်ငံတို့မှ စိတ်ဝင်စားပြီး မှာယူလျက်ရှိ



https://www.myawady.net.mm/node/29633

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ထုတ်လုပ်ရောင်းချလျက်ရှိသော မြန်မာ့ရိုးရာလက်မှုပညာပုသိမ်ထီးများကို အာရှနှင့်ဥရောပနိုင်ငံတို့က အထူးစိတ်ဝင်စားပြီး မှာယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပုသိမ်ထီးများကို ပန်းချီပညာဖြင့် ကနုတ်ပန်းရေးခြယ် အလှဆင်၍ အမြတ်တနိုးတန်ဖိုးထားကာ ကျက်သရေဆောင်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုကြပြီး ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ အမျိုးသမီး အလှဆောင်းထီး၊ စားပွဲတင်ထီး၊ ဟိုတယ်အလှဆင်ထီး၊ အိမ်တော်ရာထီး၊ အိမ်တော်ရာ ရိုးရာမပျက် ခေတ်မီထီး၊ ကမ်းခြေသုံးထီးတို့အပြင် မင်္ဂလာဆောင်အတွက် လက်ဆောင်ထီးများကိုလည်း ထုတ်လုပ် ရောင်းချလျက်ရှိရာ အလှဆင်ထီးများအား အာရှနှင့် ဥရောပနိုင်ငံတို့မှ ပိုမိုမှာယူလျက်ရှိသည်။

ပုသိမ်ထီးပြုလုပ်ရာတွင် ပုသိမ်မြို့နယ် ချောင်းသာ၊ ငွေဆောင်၊ ဧရာပြာ၊ ရေကြည်နှင့် ငါးသိုင်းချောင်းတို့မှ အများဆုံးထွက်ရှိသော သရက္ကဝါးကို အဓိကသုံးစွဲရကြောင်း၊ ထီးကောင်းတစ်လက်ရရှိရန် ဝါးကောင်းရန် လိုအပ်ကြောင်း၊ ဝါးသက်တမ်း ကိုးနှစ်ရှိမှသာလျှင် ထီးအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ဝါးများကို ပိုးမစားစေရန် ကင်ပွန်းချဉ်ရွက်၊ မန်ကျည်းရွက်တို့ဖြင့် ပြုတ်ကာ ထီးခေါင်းများအတွက် လက်ပံသား၊ ဒီးဒူး၊ ပိတောက်သားတို့ကို အသုံးပြုကာ သံထည်ပစ္စည်း လုံးဝမပါဘဲ ဝါး၊ သစ်သားများဖြင့်သာ ပြုလုပ်ကြပြီး ပြည်တွင်းဖြစ် ရောင်စုံပိတ်စတို့ကိုအသုံးပြု၍ တည်ရည်သုတ်လိမ်းကာ မြန်မာ့အနုပညာဖြင့် ဆေးဆိုးခြင်း၊ ပန်းချီရေးဆွဲခြင်းတို့ဖြင့်သာ အလှဆင်ထားသောကြောင့် ပြည်ပနိုင်ငံသားများက အထူးကြိုက်နှစ်သက်သဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနေရကြောင်း ပုသိမ်မြို့ ရွှေစာ ပုသိမ်ထီးလုပ်ငန်းရှင် ဒေါ်လှလှဝင်းထံမှ သိရသည်။

**Source:** https://www.myawady.net.mm/node/29633

## ထိုင်းတွင် ခေါက်ဆွဲခြောက်ထုပ် ၁ ဘတ်ဈေးတက်ရန် ခွင့်ပြု


https://www.foodindustrydirectory.com.mm

Mama ၊ Wai Wai နှင့် Yum Yum အသင့်ပြုတ်စား ခေါက်ဆွဲခြောက် တံဆိပ်သုံးမျိုး၏ ဈေးနှုန်းများကို ပြည်တွင်းကုန်သွယ်မှုဦးစီးဌာနမှ ၁၆ ရာခိုင်နှုန်းတိုးမြှင့်ရန် ဗုဒ္ဓဟူးနေ့ (ဩဂုတ် ၂၄) အတည်ပြုခွင့်ပြုလိုက်သည်။ ကြာသပတေးနေ့မှစ၍ တစ်ထုပ်လျှင် ၆ ဘတ်မှ ၇ ဘတ်သို့ ၁ ဘတ် ဈေးစတက်မည်ဖြစ်သည်။

ဂျုံ၊ စားအုန်းဆီနှင့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများအပါအဝင် ကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်နေခြင်း၊ စွမ်းအင်ဈေးနှုန်းနှင့် လုပ်သားစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် ဈေးတက်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်ဟု ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr Wattanasak က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အကြီးမားဆုံး ခေါက်ဆွဲခြောက် အမှတ်တံဆိပ် ငါးခု Mama၊ Wai Wai၊ Yum Yum၊ Nissin ၊ Suesat တို့၏ ထုတ်လုပ်သူများသည် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားလာသည်နှင့်အညီ ၎င်းတို့၏ ဈေးနှုန်းများ တစ်ပတ်အတွင်း ၂ ဘတ် မြှင့်တင်ရန်ခွင့်ပြုဖို့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား တောင်းဆိုခဲ့သည်။

“ဈေးတင်ဖို့ သတ်မှတ်ချက် ၂ ခု ချမှတ်ထားတယ်။ ကုန်ကြမ်းဈေးကျရင် ခေါက်ဆွဲခြောက်ထုတ်လုပ်သူတွေအနေနဲ့ ခေါက်ဆွဲခြောက်ထုပ် ဈေးနှုန်းတွေလျှော့ချရမယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့အတွက် ဦးစီးဌာနကို ကုန်ကြမ်းဈေးနှုန်းတွေ အဆက်မပြတ်အသိပေးထားဖို့ ညွှန်ကြားထားပါတယ်" ဟု Mr Wattanasak က ပြောသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4886-in-thailand,-the-price-of-a-pack-of-six-noodles-is-allowed-to-rise-by-1-baht.html

## ရန်ကုန်-လင်ချန်း-ချန်တူး လမ်းကြောင်းသစ် ကုန်စည်တန်ချိန် ၁၀,၀၀၀ ကျော် ပို့ဆောင်ပြီး



https://www.logisticsguide.com.mm

တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်ဖြစ်သည့် ရန်ကုန်-လင်ချန်း-ချန်တူး ကုန်စည်ပို့ဆောင်ရေးတွင် ကုန်စည်တန်ချိန် ၁၀,၀၀၀ ကျော် ပို့ဆောင်ပြီးဖြစ်ကြောင်း ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ အသိပေးကြေညာထားသည်ကို ဖော်ပြအပ်ပါသည်။

တရုတ်-မြန်မာ-အိန္ဒိယ သမုဒ္ဒရာလမ်းကြောင်းသစ် ရေကြောင်း-ကားလမ်း-ရထားလမ်း ပူးတွဲသယ်ယူပို့ဆောင်ရေး ကုန်စည်ပို့ဆောင်မှု ပမာဏတန်ချိန်တစ်သောင်းကျော်လွန်ပြီး တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ် (ရန်ကုန်-လင်ချန်း-ချန်တူး) ရေကြောင်း-ကားလမ်း-ရထားလမ်း ပူးတွဲသယ်ယူပို့ဆောင်ရေး စတင်ဆောင်ရွက်သည့် တစ်နှစ်တာအတွင်း ၁၄ ကြိမ် သယ်ယူပို့ဆောင်ခဲ့ပြီး၊ စုစုပေါင်းကုန်စည်ပို့ဆောင်မှုတန်ချိန် ၁၀၅၀၀ ခန့်ရှိကာ ကုန်စည်တန်ဖိုး ယွမ်သန်း ၂၀၀ နီးပါးရှိပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဩဂုတ်လတွင် တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်ကို စမ်းသပ်ပြေးဆွဲခဲ့ပြီး ပထမဆုံးကွန်တိန်နာကို စင်ကာပူနိုင်ငံမှ စတင်ပို့ဆောင်ခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံ ရန်ကုန်၏ ဆိပ်ကမ်းသို့ ရောက်ရှိပြီးနောက် ကားလမ်းပို့ဆောင်ရေးဖြင့် လင်ချန်း ချင်းရှွေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ဝင်ရောက်ခဲ့ပြီး ထိုမှတစ်ဆင့် အထူးမီးရထားပို့ဆောင်ရေးဖြင့် ချန်တူးအပြည်ပြည်ဆိုင်ရာ မီးရထားဆိပ်ကမ်းကို ပို့ဆောင်ရောက်ရှိခဲ့ရာ တရုတ်-မြန်မာနှင့် တတိယနိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်၍ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးကို စတင်ဖော်ဆောင်နိုင်ခဲ့ပြီး ကွန်တိန်နာဖြင့်သယ်ယူပို့ဆောင်ရေးကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**Source: Chinese Embassy**

**https://www.logisticsguide.com.mm/en/industry-news/transportation/226510-chinese-myanmar-indian-ocean.html**

## STOCK EXCHANGE (25.8.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 6,900 | 7,000 | 6,900 | 182 | 1,256,900 | 33,109,694 | 231,768 |
| MTSH | 00002 | 2,450 | +0 | +0.00% | 2,400 | 2,450 | 2,400 | 6,247 | 15,032,150 | 38,929,150 | 95,376 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 0 | 0 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,350 | +50 | +2.17% | 2,500 | 2,500 | 2,350 | 718 | 1,762,300 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 4 | 19,600 | 10,497,598 | 51,438 |


## Market summary

As of 25th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 329.32 | +2.28 | +0.70% | 327.40 | 329.32 | 326.29 | 7,152 | 18,073,400 | 7 | 572,885 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 25th Aug. 2022

| MYANPIX | 329.32 ▲ 2.28 |
|---|---|
| Total Volume (shares) | 7,152 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 572,885 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 2,450 | ▲ 0 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |